# "မီးဖိုချောင် မှ အသံများ"

ကျွန်တော်က အငြိမ်းစားပါ။ မ.ဆ.လ ခေတ်က မ.ရ.က လို့ ခေါ်တဲ့ မြန်မာ့ရေနံကော်ပိုရေးရှင်းရဲ့ ဘူမိဗေဒဌာန အရာရှိ တယောက်ပါ။ မ.ဆ.လခေတ်ပြုတ်ပြီး အချိန်မှာပဲ ပင်စင်ယူလိုက်ပါတယ်။ ပင်စင်ငွေထောက်ပံ့ကြေးက မလောက်ပေမယ့် ဟိုတုန်းက ရထားတဲ့ ဆိုင်ခန်းတခုကို ငှားထားလို့ရတဲ့ငွေရယ်၊ သားနှစ်ယောက်ထောက်ပံ့ကြတဲ့ ငွေလေးနဲ့ ကျွန်တော်တို့ လင်မယားအိုကြီးနှစ်ယောက် စားလောက်ပါတယ်။

သားတယောက်က ရေတပ်က ဗိုလ်ကြီးပါ။ နောက်တယောက်က နာမည်ရ ကျူရှင်ဆရာတယောက်ပါ။ သူတို့လည်း ချောင်ချောင်လည်လည် ရှိကြပါတယ်။ ကျွန်တော်တို့သားအဖသုံးယောက်ရဲ့ ပြဿနာက နိုင်ငံရေးစကားပြောတိုင်း သဘောထားမတူညီဘဲ ရပ်လိုက်ကြရတာချည်းပါပဲ။

ဒီနေ့တော့ ကျွန်တော်တို့ရဲ့ လုပ်နေကျ စကားဝိုင်းလေးဟာ တိုးတက်မှု ရှိလာပါတယ်။ သားအဖသုံးဦးရဲ့ ကွဲလွဲနေတဲ့ သဘောထားသုံးမျိုးကနေပြီး သဘောထားနှစ်မျိုးပဲဖြစ်သွားပါတယ်။ သားနှစ်ယောက်က တမျိုး၊ ကျွန်တော်က တမျိုး။

ကျွန်တော်က ကိုလိုနီခေတ်နှောင်း၊ ဖ.ဆ.ပ.လ ခေတ်၊ မ.ဆ.လ နဲ့ န.အ.ဖခေတ်တွေကို မှီပါတယ်။ သားတွေကမ.ဆ.လ နဲ့ န.အ.ဖ ခေတ်တွေပဲ မှီပါတယ်။ တနေ့တော့ သားနှစ်ယောက်နဲ့ အတူ ကျွန်တော့်အိမ်မှာ စကားပြောဖြစ်ကြပါတယ်။ ဦးတည်ချက်ရယ်လို့တော့ မရှိပါဘူး။ ယနေ့ဖြစ်ပျက်နေတဲ့ တိုင်းပြည်ရဲ့အခြေအနေတွေပါပဲ။

ကျွန်တော်က မေးတယ်။ အိန္ဒိယ သမုဒ္ဒရာထဲမှာ အမေရိကန်စစ်သင်္ဘောတွေ စစ်ရေးလေ့ကျင့်နေတဲ့ကိစ္စ၊ ဂျပန်က ကူညီပြီး စစ်သင်္ဘောတွေကို ဆီဖြည့်ပေးနေတယ်ဆိုတဲ့ကိစ္စ၊ နောက်တခုက အမေရိကန်က ဦးဆောင်ပြီး အာရှနေတိုးအဖွဲ့ ဖွဲ့တော့မယ် ဆိုတဲ့ကိစ္စတွေပါပဲ။ အဲဒါ သားတွေ ရဲ့အမြင်နဲ့သူတို့ဘယ်လို ကြားကြသလဲပေါ့။

စစ်ဗိုလ် သားကြီးက ပြောပါတယ်။ သူလည်း ဒါကိုကြားပါတယ်။ ဒါ မဆန်းဘူးတဲ့။ အမေရိကန်က ကမ္ဘာ့ပုလိပ်ကြီးလေ။ ပွဲလန့်တုန်း ဖျာခင်းမယ့် အကြံယုတ်နဲ့ လှုပ်ရှားနေတာပါပဲ။ ခုလည်း မြန်မာ့ပြည်တွင်းရေးမှာ အတင်းဝင်စွက်နေတာ ဖေဖေတို့ အမြင်ပဲတဲ့။

ကျောင်းဆရာသားငယ်ကလည်း ဝင်ပြီးဆွေးနွေးပါတယ်။ ကိုကိုတို့ စစ်အစိုးရကို ကျွန်တော်တို့ မကြိုက်တာ အမှန်ပါပဲ။ ဒါပေမယ့် အမေရိကန် ဝင်လာမှာ၊ ဝင်ရောက်စွက်ဖက်မှာကိုတော့ လက်မခံနိုင်ပါဘူးတဲ့။

ဒီနေရာမှာ သားနှစ်ယောက်စလုံး အမေရိကန် ဆန့်ကျင်ရေး အယူအဆမှာတော့ တူညီသွားတာတွေ့ရပါတယ်။ ဒီအခါမှာ ကျွန်တော်က သားငယ်ကို မေးကြည့်ပါတယ်။

သားရယ်၊ မင်းက စစ်အစိုးရကို မကြိုက်တာတော့ ဟုတ်ပါပြီ။ အမေရိကန်က မြန်မာပြည်ကို ကူညီတာပဲဆိုဆို၊ စွက်ဖက်တယ်ဘဲ ပြောပြော စစ်အစိုးရ ပြုတ်သွားရင် သားအနေနဲ့ မကျေနပ်နိုင်ဘူးလား။ ဒီတော့ သားငယ်က ပြောပါတယ်။

သားကတော့ အမြင်ရှင်းပါတယ် ဖေဖေ၊ အမေရိကန်ကသာ ဝင်လာရင် စစ်အစိုးရထက် ပိုဆိုးသွားမှာပဲ။ ဒါကြောင့် အမေရိကန်ရဲ့ဝင်ရောက်စွက်ဖက်မှုကိုတော့ အမြဲပဲ ဆန့်ကျင်ရမှာပဲ ဖေဖေ။ အင်္ဂလိပ်၊ အမေရိကန်ဆိုတာက ဟိုတုန်းကလည်း မကောင်းခဲ့ဘူး။။ ခုလည်း မကောင်းဘူး၊ နောင်လည်း ဘယ်တော့မှ ကောင်းမှာမဟုတ်ဘူး တဲ့။

စစ်ဗိုလ်သားကြီးကလည်း ကျောင်းဆရာသားငယ်ရဲ့စကားကို ထောက်ခံလိုက်ပြန်ပါတယ်။ အမေရိကန်က ဝင်တဲ့ နိုင်ငံ

တွေ ဒုက္ခရောက်နေတာ ဖေဖေလည်း သိသားပဲ။ အီရတ်နဲ့ အာဖဂန်နစ္စတန်တို့က သက်သေပြနေတာပဲ တဲ့။ မြန်မာ့အလင်းသတင်းစာထဲကအတိုင်းပြောလိုက်ပါတယ်။

ကျွန်တော်နားလည်လိုက်တာကတော့ စစ်ဗိုလ်နဲ့ နိုင်ငံရေး ဝါသနာရှိတဲ့ ကျောင်းဆရာသားငယ်တို့ဟာ အမေရိကန်ဆန့်ကျင်တဲ့နေရာမှာ တသဘောထဲပါလားလို့။ ကျွန်တော်ကတော့ အမေရိကန်၊ အင်္ဂလိပ်ကို လိုလားခြင်း၊ မလိုလားခြင်း ဆိုတဲ့ တရားသေ စိတ်ခံစားချက်ပေါ်မှာ မဆုံးဖြတ်တတ်ပါဘူး။ အသက်အရွယ်နဲ့ အတွေ့အကြုံအရ မျက်မှောက်တွေ့ကြုံနေရတဲ့ အခြေအနေပေါ်မှာပဲ ကောက်ချက်ချတတ်ပါတယ်။ ကျွန်တော်နဲ့ သားနှစ်ယောက်ဟာ သဘောထားခြင်း ကွဲပြားနေပါပြီ။

ဒါကြောင့် သားတွေကို ရှည်ရှည်ဝေးဝေးပြောမနေတော့ဘဲ မေးခွန်းတခု မေးလိုက်ပါတယ်။ သားတို့ တရုတ်ပြည်လိုကွန်မြူနစ်နိုင်ငံကြီးမှာတောင် သူတို့လူမျိုး ကောင်းစားဖို့ဆိုရင် အရင်းရှင်အမေရိကန်နိုင်ငံနဲ့ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၊ စီးပွားရေး မဟာမိတ်အဖြစ် ပူးပေါင်းကြသေးတာပဲ။ သားတို့ကလည်း ကိုယ့်ပြည်သူလူထု ကောင်းစားမယ်ဆိုရင် ဘာလို့မပေါင်းနိုင်ရမှာလဲ။

ဒီတော့ သားတွေက ပြန်ပြောတယ်။ တရုတ်ပြည်က မသူတော်ကို ပေါင်းမိနေတော့ ကျားမြီးဆွဲလို ဖြစ်နေပြီ ဖေဖေ။ တိန့်ရှောင်ဖိန် ဝါဒီတွေ ဒီအမှားကို မုချ ခံကြရလိမ့်မယ်တဲ့။

ကျွန်တော်လဲသားတွေနဲ ့ဆက်ပြီးမဆွေးနွေးတော့ဘဲ၊ ကဲ ဒီလိုလုပ်ကွာ၊ ဖေဖေတို့ သားတို့ စားဖို့သောက်ဖို့ကို အမြဲတာဝန်ယူ စီမံနေတဲ့ မင်းတို့မေမေကို မေးကြည့်မယ်။ သူက နေ့တိုင်း ဈေးဝယ်ရတယ်။ ဥပုသ်ကျောင်းသွားမယ်။ ရပ်ကွက်ထဲက သာရေး၊ နာရေးကိစ္စတွေကအစ မလစ်လပ်ရဘူး။ လူထုနဲ့ အမြဲပဲထိတွေ့နေတဲ့ "လူထု" ပဲပေါ့ကွာ ဆိုပြီး မီးဖိုချောင်မှာ အလုပ်ရှုပ်နေတဲ့ အမေကို ခေါ်လိုက်တယ်။ ကျွန်တော်ကဘဲ မေးလိုက်ပါတယ်။ ကဲ အမေကြီးလဲ ကျုပ်တို့ပြောတာတွေ ကြားပြီးနေမှာပေ့ါ။ အဆုံးအဖြတ်ပေးပါဦး လို့။

ဒီတော့ ကျွန်တော့်ဇနီး သားတို့အမေက "ကြားပ့ါတော့် နားထဲမှာတောင် မဆန့်တော့ဘူး။ ဒီမှာ ကျွန်မပြောမယ်၊ ဦးနေဝင်းစတက်ကတည်းက နှစ်ပေါင်း လေးဆယ်ကျော် ခံခဲ့ရတာလေ။ သူပုန်ထလိုက် သပိတ်မှောက်လိုက် ဆိုတာလဲ ပြတ်တယ်မရှိဘူး။ လူထု ပိုပြီး ငတ်သထက် ငတ်လာတာကတော့ လက်တွေ့ပဲ။ ခုလို အချိန်မျိုးမှာ စစ်အစိုးရ ပြုတ်ကျပြီး အရပ်သားအစိုးရ တက်လာ ဖို့ဘဲ လိုတယ်။ ကုလသမဂ္ဂ တပ်ဆိုတာကြီးဘဲလာလာ၊ နေတိုးတပ်ဆိုတာဘဲလာလာ၊ အမေရိကန်တပ် ဆိုတာဘဲ လာလာ ဘယ်နိုင်ငံ ဘယ်သူကပဲ ကူညီ ကူညီ ကျွန်မတို့ကတော့ လက်ခံမှာပဲ။ မြန်မာပြည်ကောင်းစားဖို့ဆိုရင် ရပ်ကွက် ထဲက လူအများပြောသလို "အမေရိကန် တပ်ကြီးရယ်မြန်မြန်သာ ဝင်တိုက်ပါတော့" လို့ ဘုရားမှာ နေ့တိုင်း ဆုတောင်းနေတယ် တော်ရေ့" လို့ ပြောပြီး ဆောင့်ဆောင့်နဲ့ မီးဖိုခန်းထဲ ပြန်ဝင်သွားပါတယ်။

ကျွန်တော်က သားတွေကို ကြည့်ပြီး၊ ကဲ မင်းတို့အမေ ပြောတာကို ကြားတယ် မဟုတ်လားလို့ ပြောလိုက်တော့ သားတွေက အမေက နိုင်ငံရေးမှ နားမလည်တာဘဲ လို့ မှတ်ချက်ချလိုက်ပါတယ်။

"ကဲ ပြည်သူကို နိုင်ငံရေး နားမလည်ဘူးတဲ့ဗျား "

**ဦးရွှေအုန်းမြင့် ။**